# မင်းမြတ်သူရ

ဆားပုလင်းမင်းအောင်
နှင့်
တစ်ကျွန်းစံ



# နိဒါန်း

တစ်နေ့သ၌ မော်လမြိုင်မြို့စွန်တွင် ရှိသော ဘုံဆိုင်ကလေးတစ်ဆိုင်တွင် ညနေစောင်းဖြစ် သဖြင့် လူအများ နှင့် စည်ကားနေလေ၏။

ဘုံဆိုင်ကလေးသည် ဆင်းရဲသားလူအများ ၏ အနားယူဖွယ် နေရာကလေးဖြစ်သောကြောင့် ဘုံပြတ်သမား၊ ကူလီ၊ ဈေးသည် စသည် ဖြင့် ဆိုင်ကလေးတွင် လူစုံရောက်ရှိနေလေ၏။

ထို့ကြောင့်ပင် ဆိုင်ကလေး၏ မီးမှိန်မှိန်လင်းနေသော စားပွဲတိုင်းတွင် လူများ ပြည့်ကျပ်နေလေ၏။

ထိုအခိုက်မှာ ပင် ညစ်ပတ်ပေကျံနေသော ကုတ်အင်္ကျီကြီးကို ဖိုးရိုးဖားရား ဝတ်ဆင်ထားပြီး ဆံပင်များ တွန့်လိမ်ကောက်ကွေးနေသော လူတစ်ဦးသည် ဆိုင်ရှေ့သို့ ရောက်ရှိ လာပြီး သောက်စားနေသူများကို ခါးထောက်ကြည့်၍

"အမယ် လူတွေ စည်ကားနေပါလား၊ စားပွဲတိုင်းမှာ လူတွေပြည့်နေတယ်၊ ဟီ ဟီ. . . လူစည် ကားတော့လည်း ငါ့အတွက် ခွက်များများ သောက်ရတာပေါ့"

ဟု တစ်ကိုယ်တည်း ရေရွတ်လေ၏။ ဘုံဆိုင်ထဲတွင် စားသောက်နေသူများ သည် အရက် သောက်ရင်း၊ အမြည်းစားရင်း အပန်းဖြေနေရာမှ ဆိုင်ရှေ့သို့ရောက်လာသော ကုတ်အင်္ကျီနှင့်လူကို ကြည့်၍

မျက်စိမျက်နှာ ပျက်သွားကြ၏။

စားပွဲဝိုင်းတစ်ဝိုင်းတွင် စားသောက်နေသူတစ်ဦးက မျက်နှာရှုံ့မဲ့၍



"တောက်. . . သေခြင်းဆိုးကြီး ရောက်လာပြန်ပြီ၊ စားပွဲဝိုင်းကိုဝင်ပြီး မသဒ္ဓါရေစာကို သောက်ဦးမယ်"

ဟု မကျေမနပ်ပြောဆိုလေရာ ၎င်းနှင့် စားပွဲတစ်လုံးတည်းတွင် ထိုင်နေသူက

"နေစမ်းပါကွာ၊ ဒီကောင်ကြီးကို တစ်ခွက်လောက် တိုက်လိုက်ရုံနဲ့

ငါတို့ ဆင်းရဲမွဲတေမသွားပါဘူး၊ ခွေးရူးနဲ့ ပြိုင်ကိုက်ရင် ခွေးကောင်းပဲ နစ်နာပါတယ်”

ဟု ပြောလေတော့၏။ ထိုအချိန်မှာ ပင် ကုတ်အင်္ကျီကို ဖိုးရိုးဖားရား ဝတ်ဆင်ထားသူသည် စားပွဲတစ်လုံးမှ တစ်လုံးသို့ ကူးသန်း၍ အရက်တစ်ခွက်စီသောက်လေ၏။

ထိုသူသည် စားပွဲဝိုင်းတစ်ဝိုင်းသို့ ရောက်လျှင်

“ငါသောက်မယ်”

ဟူသောစကားကို ပြောဆို၍ အရက်တစ်ခွက်စီသောက်လေ၏။

စားပွဲဝိုင်းများ တွင် ထိုင်နေသူများ သည် ၎င်းကို မည်သူမျှ စောဒက မတက်ရဲဘဲ ငြိမ်သက်စွာ ကြည့်ရှုနေလေ၏။ ကုတ်အင်္ကျီနှင့် လူသည် အရက်ဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်းကူး၍ သောက်ရင်း သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး

“ဟား ဟား ဟား. . . ငါ့ကို မသဒ္ဓါတဲ့ လူတွေရဲ့ အရက်ကို သောက်ရလို့ လား မသိဘူး၊ အရသာရှိလိုက်တာ၊ ဟဲဟဲ. . . ခင်ဗျားတို့ အားလုံး မကျေမနပ်မဖြစ်ကြပါနဲ့ ၊ သဗ္ဗေသတ္တာ ကမ္မသကာလို့ ပဲ သဘောထားပါ၊ တကယ်တော့ ဩကာသလောကကြီးမှာ အရာရာတိုင်းဟာ ကံတရားရဲ့ အလိုအတိုင်း ဖြစ်နေကြတာပါ၊ ကံတရားက ကျုပ်ကို အခုလိုသောက်ခွင့်ရအောင် ဖန်တီးပေးနေတာပါ၊ ဒါကို ခင်ဗျားတို့ မကျေမနပ်မဖြစ်ပါနဲ့ ၊ ကံတရားက ခွင့်မပြုတဲ့ အချိန်ကျရင် ကျုပ်ဟာ အရက် သောက်ချင်ရင်တောင် သောက်ခွင့်ရတော့မှာ မဟုတ်ဘူး ၊ ဒီအချိန်ရောက်မှ ဒေဝေါကြီးရယ်၊ အရက် သောက်ပါဦးလို့ ဖိတ်ခေါ်ရင်တောင် ကျုပ်က ဆောရီးပဲဆိုပြီး ငြင်းရလိမ့်မယ်”

ဟု ပြောလေရာ အရက်ဝိုင်းတွင် ထိုင်နေသူများက ၎င်း၏ စကားကို နားမဝင်ဘဲ မျက်နှာရှုံ့မဲ့ သွားကြ၏။ ဒေဝေါကြီးဆိုသူသည် အရက်ဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်း ကူးသန်းပြီး မိုက်ကြေးခွဲ၍ သောက်နေရာမှ ဆိုင်၏ ထောင့်ဆုံးနေရာတွင် သက္ကလတ်ဦးထုပ်တစ်လုံးကို ခပ်ငိုင်ငိုက် ဆောင်းထား သူတစ်ဦးရှေ့သို့ ရောက်သွားလေ။

သက္ကလတ်ဦးထုပ် ဆောင်းထားသူ၏ ရှေ့တွင် ထည့်ထားသော ဖန်ခွက်တစ်ခွက် ရှိနေ၏။

ထိုသူသည် ဒေဝေါကြီးအနီးသို့ ရောက်သောအခါမှ ပင် အရက်ခွက်ကို ဆတ်ခနဲယူ၍ မော့ သောက်လိုက်ရာ ဒေဝေါကြီး လုယက်သောက်ရန် အရက်မရှိတော့ဘဲ ဖြစ်သွားလေ၏။

ဒေဝေါကြီးသည် ဤဆိုင်ကလေးတွင် မိုက်ကြေးခွဲနေကျဖြစ်ပြီး ဤအဖြစ်အပျက်သည် သူ၏ ရာဇဝင်တွင် ရှားပါးသော ဖြစ်ရပ်ဖြစ်သဖြင့် မျက်မှောင်ကြုတ်၍ ရယ်မော၍

"ဟဲ ဟဲ. . .ကိုယ့်လူက ကျုပ်ကို မသဒ္ဒါဘူးလား"

ဟု တီးတိုးမေးမြန်း လိုက်လေ၏။ ထိုအခါ သက္ကလတ်ဦးထုပ်နှင့်လူက

"ကျုပ်က သဒ္ဒါပါတယ်၊ သဗ္ဗေသတ္တာကမ္မသကာလို့ ပဲ သဘောထားပါ၊ တကယ်တော့ ဩကာသလောကကြီးမှာ အရာရာတိုင်းဟာ ကံတရားရဲ့ အလိုအတိုင်း ဖြစ်နေတာပါ။ ကံတရားရဲ့ အလိုအရ တစ်ဆိုင်လုံးက အရက်တွေကို ခင်ဗျားသောက်ခွင့်ရတယ်၊ ဟောအခုတော့ ကံတရားရဲ့ အလိုအရပဲ ခင်ဗျား သောက်ခွင့်မရှိတော့ဘူး၊ ဒီအတွက် အပြစ်တင်မယ်ဆိုရင် ကံတရားကိုသာ အပြစ်တင်ပါ၊ ကျုပ်ကို အပြစ်မတင်ပါနဲ့ "

ဟု ပြောလေရာ ဒေဝေါကြီးသည် တဟားဟား ရယ်မောလိုက်ပြီး

"သတ္တိကိုတော့ ကြိုက်သွားပြီ၊ ဒါမျိုး မတွေ့ရတာကြာပြီ"

ဟု ဆိုကာ ခါးကြားတွင် ထိုးထားသော ဓားမြှောင်ကို ဆတ်ခနဲထုတ်၍ စားပွဲပေါ်သို့ စိုက်ချ လိုက်လေ၏။ ထိုအခါ သက္ကလတ်ဦးထုပ်ဆောင်းထားသူက ကြောက်ရွံ့ဟန်မရှိဘဲ

"ဓားကြီးပါလား၊ လူတစ်ယောက်ရဲ့ သူရသတ္တိနဲ့ အရည်အချင်းကို ဟောဒီဓားကြီးက သက်သေမပြနိုင်ပါဘူးဗျာ၊ ဒါကြီးကို ပြန်သိမ်းထားလိုက်စမ်းပါ"

ဟု ပြောလေရာ ဒေဝေါကြီးက ရယ်မော၍

"ဟဲ ဟဲ. . . ကိုယ့်လူက သတ္တိနည်းနေပြီလား၊ တကယ်တမ်းကျတော့ ကိုယ့်လူမှာ သတ္တိ မရှိဘူးမဟုတ်လား၊ သတ္တိ မရှိရင် တော့ အရက်တစ်ခွက် တိုက်ရလိမ့်မယ်၊ ကျုပ်က ဒီဆိုင်မှာ ဘယ်တော့မှ မတရားမှုကို မလုပ်ဘူး၊ တရားမျှမျှတတပဲလုပ်တယ်၊ ကျုပ်နဲ့ သတ္တိချင်းယှဉ်နိုင်တဲ့ သူ ဆိုရင် အရက်မတိုက်ဘဲ နေနိုင်တယ်၊ ဟဲ ဟဲ. . . ဒီနေ့အထိတော့ ကျုပ်ကို အရက်မတိုက်ဘဲ နေတဲ့ သူ တစ်ဦးမှ မရှိခဲ့ဘူး"

ဟု ပြောကာ သက္ကလတ်ဦးထုပ်နှင့်လူ၏ မျက်နှာကို လက်သီးဖြင့် အားကုန်ထိုးလိုက်၏။

ထိုအခါ သက္ကလတ်ဦးထုပ်နှင့်လူက ဒေဝေါကြီး၏ လက်သီးကို အေးဆေးစွာဖြင့် ဖမ်းချုပ် ထားလိုက်ပြီး

"ဘာဖြစ်လို့ ဒီလောက်တောင် အရင်လိုနေတာလဲ ကိုယ့်လူရာ၊ ကျုပ် ဘယ်သူဆိုတာ သေသေ ချာချာကြည့်ပါဦး"

ဟု ပြောကာ သူ၏ ကုတ်အင်္ကျီထဲသို့ လက်ဖြင့်နှိုက်၍ ငွေဖြင့်ပြုလုပ်

ထားသော လွန်စွာ သေးငယ်သော ချိန်ခွင်ကလေးကို ထုတ်၍ ပြလိုက်၏
။

ဒေဝေါကြီးသည် ငွေချိန်ခွင်ကလေးကိုကြည့်၍ မျက်လုံးပြူးသွားပြီး

"ဟင်. . . . ခင်ဗျား. . . ခင်ဗျားဟာ"

ဟု ရေရွတ်၍ တစ်ပိုင်းတစ်စ ရပ်တန့်သွားလေရာ သက္ကလတ်ဦးထု ပ်နှင့်လူက

"ဟဲ ဟဲ. . . ကျုပ်နာမည်ကို ဒီအချိန်ကစပြီး ချိန်ခွင်လို့ သာ ခေါ်ပါ တော့ဗျာ၊ တကယ်တော့ သဘာဝလောကကြီးမှာ ချိန်ခွင်ဟာ သိပ်အ ရေးကြီးပါတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ချိန်ခွင်ဆိုတာ တရားမျှတခြင်း ရဲ့ သင်္ကေတလေဗျာ၊ ကမ္ဘာပေါ်မှာ တရားမျှတမှု မရှိရင် လူတွေရဲ့ ဘဝ ဟာ ဘယ်လို ဖြစ်သွားမယ်ထင်သလဲ၊ အရိုင်းအစိုင်း တိရစ္ဆာန်တွေလို ဖြ စ်သွားမှာ ပေါ့၊ တောရဲ့ ဥပဒေသမှာ တရား မျှတမှုမရှိဘူး၊ ခွန်အားကြီး သူက ခွန်အားနည်းသူကို အနိုင်ယူတဲ့ ကြီးနိုင်ငယ်ညှဉ်းလောကပဲရှိတ ယ်၊ ဒါကြောင့် ယဉ်ကျေးသိမ်မွေ့တဲ့ လူ့ကမ္ဘာမှာ ချိန်ခွင်က သိပ်အရေးပါတယ်"

ဟု ကျနွှေရရ ပြောဆိုလေတော့၏။ ဒေဝေါကြီးဆိုသူ အရက်သမားကြီးသည် ချိန်ခွင်ဆိုသူ ကိုကြည့်၍ တဟားဟား ရယ်မော ကာ

"ဟား ဟား ဟား. . . ချိန်ခွင်လာရင်တော့ စွန့်စားစရာတွေ ပါလာမှ သေချာတယ်၊ ကျုပ် ဟာ ဟောဒီမြို့မှာ နေထိုင်ပြီး ကံတရားရဲ့ အလိုအ ရ လူတွေကို ခေါင်းပုံဖြတ် အမြတ်ထုတ်ပြီး အရက် သမားကြီးလုပ်ခဲ့ရ တယ်၊ ချိန်ခွင်နဲ့ တွေ့ပြီ ဆိုရင်တော့ ကျုပ်ရဲ့ အရက်သမားဘဝ နိဂုံးတံသွားပြီပေါ့"

ဟု ပြောလေတော့၏။ ထိုအခါ ချိန်ခွင်ဆိုသော လူထူးလူဆန်းသည် ထိုင်ရာမှ ထ၍ မျက်လုံး ပြူးမျက်ဆန်ပြူးဖြင့် ကြည့်ရှုနေသော အရက်ဆိုင်ရှင် လူဝကြီးထံသို့သွား၍ ငွေစက္ကူတစ်ရွက်ကို ပေးကာ

"ဒေဝေါကြီးအတွက် ကျုပ် ပိုက်ဆံပေးခဲ့တယ်၊ သူ့ကို သောက်နိုင်သလောက်သာ သောက်ခွင့် ပေးလိုက်ပါ၊ ဒါဟာ သူ့အတွက်တော့ နောက်ဆုံး သောက်ခြင်းပါပဲ"

ဟု ပြောကာ ဆိုင်အတွင်းမှ ဣန္ဒြေရရ ထွက်ခွာသွားလေတော့၏။

ထိုနေ့က ဒေဝေါကြီးသည် ဆိုင်ရှင်လူဝကြီး လာချပေးသမျှ အရက်များကို တစ်ခွက်ပြီး တစ်ခွက် သောက်လေ၏။

ညဥ့်နက်လာသောအခါ ဒေဝေါကြီးသည် ဆိုင်ထဲတွင် မူး၍ လဲကျသွားလေတော့၏။

ထိုနေ့မှ စ၍ မော်လမြိုင်မြို့စွန်ရှိ အရက်ဆိုင်ကလေးတွင် လူတိုင်းကို မိုက်ကြေးခွဲ၍ အရက် လုသောက်လေ့ရှိသော ဒေဝေါကြီးဆိုသူ အရက်သမားကြီးသည် ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့၏။

အရက်ဆိုင်ကလေးတွင် အရက်သောက်လေ့ရှိသူများ သည် အချိန်တန်၍ ဒေဝေါကြီး ရောက်မလာသောအခါ ပျော်ရွှင်စွာ ရယ်မော၍

"ဒေဝေါကြီး အရက်လာလုမသောက်တော့ ပျင်းစရာကြီးလိုဖြစ်သွားပါလား၊ တကယ်တော့ ဒေဝေါကြီး လုသောက်သွားတဲ့ အရက်ဟာ မဖြစ်စလောက်လေးပါ၊ ဒီလူကြီး ရောက်မလာတော့လည်း ဒီဆိုင်ကလေးမှာ မပြည့်စုံသလို ဖြစ်သွားပြီ၊ ဒီဆိုင်ကလေးနဲ့ ဒေဝေါကြီးဟာ ခွဲမရအောင်ဖြစ်နေပြီ ကွ"

ဟု ဆိုကာ လူ့သဘာဝ ထူးခြားဆန်းကြယ်သော စိတ်ဓာတ်ကို

ဖော်ပြသော စကားတို့ ကို ပြောဆိုလေ၏။

***

တစ်နေ့သ၌ လမ်းပန်းဆက်သွယ်ရေးကောင်းသော မြို့ကလေးတစ်မြို့၏ မြို့စွန်ရှိ တစ်ထပ် ပျဉ်ထောင်အိမ်ကလေးအတွင်းတွင် ကလေးသူငယ်တစ်စုသည် စားပွဲဝိုင်းကြီးရှေ့တွင် ထိုင်၍ လောကနီတိကို ရွတ်ဆိုနေကြလေ၏။

“မိန်းမတို့ ၏ ဥစ္စာကား အဆင်းတည်း၊ ယောကျ်ားတို့ ၏ ဥစ္စာကား အတတ်ပညာတည်း၊ ရဟန်းတို့ ၏ ဥစ္စာကား သီလတည်း၊ မင်းတို့ ၏ ဥစ္စာကား ရဲမက်ဗိုလ်ပါတည်း၊ ဥစ္စာစီးပွားပျက်လျှင် မိတ်ဆွေ၊ သားမယား ညီအစ်ကိုမောင်နှမများ သည် ပင်လျှင် စွန့်ခွာတတ်၏။ ဥစ္စာရှိသူကိုသာ မှီခို ပေါင်းသင်းအပ်၏။ လောက၌ စီးပွားဥစ္စာသည် ခင်ပွန်းကြီး ဖြစ်၏ ”

ကလေးများ သည် စာအုပ်ကလေးများကို ၎င်းတို့ ၏ ရှေ့တွင် ကိုယ်စီချ၍ ရွတ်ဆိုနေရာမှ အနီးသို့ ချောမောလှပသော မိန်းမတစ်ယောက်ရောက်ရှိ လာပြီး

“ကလေးတို့ ရေ၊ ဒီနေ့တော့ ဒီလောက်နဲ့ ပဲ နားလိုက်ပါစို့ကွယ်၊ မနက်ဖြန်ရောက်မှ လောက နီတိထဲက စာလေးတွေထပ်ပြီး သင်ပေးမယ်၊ တကယ်တော့ အချိန်တန် အရွယ်ရောက်လာရင် လောကကြီးထဲကိုဝင်မယ့် ကလေးတို့ အတွက် လောကနီတိဟာ တန်ဖိုးဖြတ်လို့ မရနိုင်တဲ့ ကျမ်းကြီး တစ်စောင်ပါပဲကွယ်၊ ဒါကြောင့် လောကနီတိကို ကလေးတို့ ကို အာဂုံဆောင်ခိုင်းရတာဖြစ်တယ်၊ လောကနီတိကို နားလည်တတ်ကျွမ်းတဲ့ လူဟာ လူ့ဘဝထဲမှာ အမှားအယွင်းနည်းနိုင်သမျှနည်းပြီး ဘဝကို အောင်မြင်အောင် တည်ဆောက်နိုင်ကြတယ်”

ဟု ပြောလေရာ ကလေးများ သည် ထိုင်ရာမှ ထ၍

"မင်္ဂလာပါ ဆရာမ နောက်တစ်နေ့ကျရင် လောကနီတိထဲက စာတွေကို ထပ်ပြီးသင်ပေးပါ ဦး"

ဟု သံပြိုင်ဆိုကာ မိန်းမလှလေး၏ နေအိမ်မှ ထွက်ခွာသွားတော့၏။

ချောမောလှပသော မိန်းမသည် ကလေးများ ပြန်သွားသောအခါ အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် လှဲ၍ လောကနီတိကျမ်းစာအုပ်ကို လှန်လောဖတ်ရှုရင်း စာအုပ်၏ တစ်နေရာသို့ ရောက်သောအခါ ပြုံးရယ်လိုက်ပြီး

"ဥဩငှက်တို့ ၏ အလှကား အသံတည်းတဲ့ ၊ မိန်းမတို့ ၏ အလှကား လင်ယောကျ်ားကို မြတ်နိုးခြင်းတည်းတဲ့ ၊ ငါ့လို လင်ယောကျ်ားမရှိတဲ့ မိန်းမတစ်ယောက်ဟာ အလှမရှိသလို ဖြစ်နေမှာ လား"

ဟု ရေရွတ်နေလေရာ သူ၏ အနောက်မှ နေ၍

"သိပ်ဟုတ်တာပေါ့၊ လင်ယောကျ်ားမရှိတဲ့ မိန်းမတစ်ယောက်ဟာ အလှမရှိသလို ဖြစ်နေတာပေါ့၊ လရောင်မှ ကင်းသောညသည် မတင့်တယ်၊ လင်မှ ကင်းသော မိန်းမသည် မတင့်တယ်တဲ့ ၊ ဒါကြောင့် အားကိုးအားထားပြုလောက်စရာ လင်ယောကျ်ားတစ်ယောက် မိန်းကလေးမှာ လိုအပ်နေ တယ်"

ဟူသော အသံကို ကြားရ၍ လှည့်ကြည့်လိုက်ရာ သူမတို့ ရပ်ကွက်အတွင်းရှိ ပေသီးဆိုသော တဏှာရူးဖြစ်ကြောင်း တွေ့ရလေ၏။

ပေသီးသည် သူမ၏ အိမ်ထဲသို့ မမျှော်လင့်ဘဲ ရောက်လာသဖြင့် မိန်းမပျိုက ခုတင်ပေါ်မှ ထထိုင်၍

"ဟင် ရှင် ရှင်. . . ဘာကိစ္စ ကျွန်မအိမ်ထဲကို ဝင်လာရတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ပေသီးက တဟဲဟဲရယ်မော၍

"ရေကန်မရှိတဲ့ ကြာဟာ မတင့်တယ်သလို၊ လင်မရှိတဲ့ မိန်းမဟာလည်း မတင့်တယ်ဘူး၊ ဒါကြောင့် မင်းရဲ့ ဘ၀ တင့်တယ်လှပသွားအောင် ကျုပ်ကူညီပါရစေ"

ဟု ပြောလေရာ မိန်းမလှလေးက ခုတင်အောက်သို့ ခုန်ဆင်း၍

"တဏှာရူးကြီး၊ ဘာတွေလာပြောနေတာလဲ၊ ကျွန်မအိမ်ထဲက အခုချက်ချင်း ထွက်သွားစမ်း၊ မထွက်ရင် ကျွန်မ အော်လိုက်မှာ နော်"

ဟု ပြောလေ၏။ ထိုအခါ တဏှာရူးပေသီးက ရယ်မော၍

"ဘာဖြစ်လို့ ဒီလောက်တောင် မောက်မာနေရတာလဲ၊ မင်းအော်ချင်ရင် အော် လိုက်လေ၊ မြို့စွန်မှာ ပတ်ဝန်းကျင်ကို အကူအညီတောင်းဖို့ လုံးဝမဖြစ်နိုင်ဘူး"

ဟု ပြောကာ ရှေ့သို့ တစ်လှမ်းတိုး၍ မိန်းမလှကိုဖက်ရန် ကြိုးစားလေ၏။ မိန်းမလှက လုံချည်ကို ကမန်းကတန်း ပြင်ဝတ်၍

"ခွေးကောင် လွှတ်စမ်း၊ ငါ့အသားကို မထိနဲ့ ၊ တဏှာရူးကြီး၊ ငါ့ကို ဘယ်လိုမိန်းမမျိုး အောက်မေ့နေလို့ လဲ"

ဟု ပြောလေရာ ပေသီးက တဟားဟား ရယ်မော၍

"ဟား ဟား ဟား. . . ရှက်နေလို့ လား မဟသ်ာရဲ့ ၊ လောက၌ ဥစ္စာစီးပွား ရှောင်းဝယ်သော အခါ၌ လည်းကောင်း၊ အတတ်သင်သော အခါ၌ လည်းကောင်း၊ တမန်အစေအပါးခံသောအခါ၌ လည်းကောင်း၊ မေထုန်မှီဝဲသော အခါ၌ လည်းကောင်း အရှက်အကြောက်ကို စွန့်ရ၏ တဲ့ ၊ လောကနီတိကို အရည်ကျိုသောက်ထားတဲ့ မိန်းမက ဒါတောင် မသိဘူးလား"

ဟု ရိသဲ့သဲ့ပြောဆိုလေတော့၏။ ထို့နောက် မဟာသ်ာကို အတင်းဝင်ရောက် ပွေ့ဖက်ပြီး နမ်းရှုပ်ရန် ကြိုးစားလေ၏။

မဟာသ်ာသည် လူယုတ်မာ ပေသီး၏ လက်မှ အတင်းရုန်းကန်၍ ပေသီးမျက်နှာကို ကုတ်ခြစ် ရန် ကြိုးစားလေ၏။

ပေသီးက တဟားဟားရယ်မော၍ သူမကို ခုတင်ပေါ်သို့ ဆောင့်တွန်းလိုက်ရာ မဟာသ်ာသည် ပက်လက်လှန် လဲကျလေ၏။

ပေသီးက မဟာသ်ာ၏ ကပိုကရိုဖြစ်သွားသော အခြေအနေကို ကြည့်၍ သဘောကျဟန်ဖြင့် ခုတင်ပေါ်သို့ တက်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာ ပင် ပေသီး၏ နောက်မှ တစ်စုံတစ်ယောက် ရောက်လာပြီး ၎င်း၏ ကုပ်ကို ဆောင့် ဆွဲလိုက်ရာ ပေသီးသည် ကြောင်အမ်းအမ်း ဖြစ်သွားပြီး အနောက်မှ လူကို လှည့်ကြည့်လေ၏။

ထိုသူသည် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည့်အပြင် အမှောင်ရိပ်ကျနေ သဖြင့် သူ၏ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရချေ။

ပေသီးက ထိုသူလက်ထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေပြီး

"ဟင်. . . မင်း မင်း. . . ဘယ်သူလဲ"

ဟု အထိတ်တလန့် မေးမြန်းလေ၏။ သက္ကလတ်ဦးထုပ်နှင့်လူက ထိုသူ၏ အမေးကိုမဖြေဘဲ ပေါင်ကြားကို ဒူးဖြင့်ဆတ်ခနဲ တိုက်လိုက်ရာ ပေသီးသည် အင့်ခနဲအော်၍ မေ့မြောသွားလေ၏။

မဟာသ်ာသည် ခုတင်ပေါ်တွင် ပက်လက်ကလေး လဲနေရာမှ သက္ကလတ်ဦးထုပ်နှင့် လူကို ကြည့်၍

"ကျေးဇူးတင်ပါတယ်ရှင်၊ ရှင်က ဘာဖြစ်လို့ ကျွန်မအိမ်ထဲကို ရောက်လာရတာလဲ"

ဟု မေးမြန်းလေ၏။ ထိုသူသည် အမှောင်ရိပ်ကျသော နေရာတွင် ရပ်နေပြီး မျက်နှာပေါ်တွင် လည်း သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသဖြင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရချေ။

ထိုသူက မဟသ်ာကိုကြည့်၍ သက်ပြင်းချလိုက်ပြီး တီးတိုးရယ်မောကာ

"မဟသ်ာ ကျုပ်ကိုတောင် မမှတ်မိတော့ဘူးလား၊ လူကို မမှတ်မိပေမဲ့ ဒီပစ္စည်းလေးကို မြင်ရင်တော့ မှတ်မိမှာ ပါ"

ဟု ပြောဆိုကာ သူ၏ ကုတ်အင်္ကျီထဲမှ ငွေရောင်တလက်လက် တောက်ပနေသော ချိန်ခွင် ကလေးကိုထုတ်၍ မဟသ်ာအား ထောင်ပြလိုက်၏။ မဟသ်ာသည် ချိန်ခွင်ကလေးကိုကြည့်၍ မျက်နှာဝင်းလက်သွားပြီး

"ဟင်. . . ရှင် ရှင်. . . ကျွန်မ ကျွန်မဆီကို လိုက်လာတယ်နော်"

ဟု ဆိုကာ အမည်ကိုခေါ်ရန် ကြိုးစားလေရာ ထိုသူက လက်ကာပြ၍

"ဟဲ ဟဲ. . . ကျုပ်နာမည်ကို ဒီအချိန်ကစပြီး ချိန်ခွင်လို့ သာ ခေါ်ပါတော့ဗျာ၊ တကယ်တော့ သဘာဝလောကကြီးမှာ ချိန်ခွင်ဟာ သိပ်အရေးကြီးတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ချိန်ခွင်ဆိုတာ တရားမျှတခြင်းရဲ့ သင်္ကေတလေဗျာ၊ ကမ္ဘာပေါ်မှာ တရားမျှတမှု မရှိရင် လူတွေရဲ့ ဘဝဟာ ဘယ်လို ဖြစ်သွားမယ်ထင်သလဲ၊ အရိုင်းအစိုင်း တိရစ္ဆာန်တွေလို ဖြစ်သွားမှာ ပေါ့၊ တောရဲ့ ဥပဒေသမှာ တရား မျှတမှုမရှိဘူး၊ ခွန်အားကြီးသူက ခွန်အားနည်းသူကို အနိုင်ယူတဲ့ ကြီးနိုင်ငယ်ညှဉ်း လောကပဲရှိတယ်၊ ဒါကြောင့် ယဉ်ကျေးသိမ်မွေ့တဲ့ လူ့ကမ္ဘာမှာ ချိန်ခွင်

က သိပ်အရေးပါတယ်”

ဟု ဣန္ဒြေရရ ပြောဆိုလေတော့၏။ ထိုအခါ မဟသ်ာဆိုသော မိန်းမလှလေးသည် ကပိုကရို ဖြစ်နေသော သူမ၏ အဝတ်အစားများကို ပြုပြင်၍ ခုတင်ပေါ်တွင် လှပစွာထိုင်လိုက်ပြီး

“ချိန်ခွင်လာရင်တော့ ကျွန်မဘဝမှာ တစ်ခုခု ထူးမှာ သေချာတယ်၊ ရှင် ဘာကိစ္စ ရောက်လာ တာလဲဟင်၊ အကြောင်းမရှိဘဲနဲ့ တကူးတက ရောက်လာမယ် မထင်ဘူး”

ဟု မေးမြန်း လိုက်လေ၏။ ကိုချိန်ခွင်ဆိုသူက မဟသ်ာကိုကြည့်၍ ခေါင်းညိတ်လိုက်ပြီး

“သိပ်ဟုတ်တာပေါ့ မဟသ်ာရယ်”

ဟု ရေရွတ်ကာ မဟသ်ာ၏ ခုတင်ပေါ်တွင် တင်ပလ္လင်ထိုင်၍ သူ၏ ရည်ရွယ်ချက်ကို အေးဆေး စွာ ပြောပြနေလေတော့၏။ မဟသ်ာသည် ကိုချိန်ခွင်၏ စကားများကို စိတ်ဝင်စားစွာ နားထောင်လေ တော့၏။

ကိုချိန်ခွင်၏ စကားဆုံးသောအခါ မဟသ်ာက ခေါင်းတဆတ်ဆတ်ညိတ်၍

“ဒီမြို့ကလေးမှာ ကျွန်မတစ်ယောက်တည်း ပျင်းနေတာနဲ့ အတော်ပဲ ၊ ကလေးတွေကို လောကနီတိသင်ပေးတဲ့ အလုပ်ကလွဲလို့ ကျွန်မမှာ ဘာအလုပ်မှ မရှိဘူးရှင့်၊ ဒီမြို့မှာ ကျွန်မကို ပိုးပန်း နေတဲ့ ယောကျာ်းတွေကလည်း အများကြီးရှိတယ်၊ သူတို့ ရှေ့မှာ ဣန္ဒြေ သိက္ခာလေးနဲ့ နေပြီး အလှ အပတွေ ပြင်ပြနေတာ ကျွန်မစိတ်ကုန်လှပြီ၊ ဒီလူတွေအားလုံး ကျွန်မရှေ့ကို လာပြီး ကျွန်မရဲ့ အလှဘွဲ့ တွေကို ကြက်တူရွေးနှုတ်တိုက် ရွတ်ဆိုကြတယ်၊ နောက်ပြီးတော့ လက်ထပ်ပါရစေလို့ ပြောတယ်

၊ တကယ်တော့ သူတို့ အားလုံးရဲ့ အဓိကရည်ရွယ်ချက်နဲ့ နောက်ဆုံးပန်းတိုင်ကတော့ ကျွန်မရဲ့ ကာမကို သိမ်းပိုက်ဖို့ ပဲ၊ အချစ်နဲ့ သစ္စာ မေတ္တာ ဆိုတဲ့ စကားတွေကတော့ ကာမကို သိမ်းပိုက်ဖို့ အတွက် အပေါ်ယံက ဖုံးအုပ်ထားတဲ့ စကားလုံးတွေပါ၊ ကျွန်မဟာ ဒီလို ခပ်ညံ့ညံ့ယောက်ျားတွေကို တစ်သက်လုံး ဖြေဖျော်ရမလားလို့ စဉ်းစားကြည့်တယ်၊ ဒီလို ဆိုရင်တော့ ဘဝဟာ သိပ်ငြီးငွေ့ဖို့ ကောင်းမှာ ပဲ၊ သူတို့လိုအပ်တဲ့ အချိန်မှာ ကာမကို အဆင်သင့်ရဖို့ အတွက် ကျွန်မကို သိမ်းပိုက်ဖို့ ကြိုးစားတာပဲ၊ သူတို့ ဟာ ကာမကိုသာမက ကျွန်မရဲ့ လွတ်လပ်ခွင့်တွေ၊ စိတ်ခံစားမှုတွေ၊ အားလုံးကို အပိုင်သိမ်းဖို့ ကြိုးစားချင်ကြတယ်၊ ကျွန်မဟာ သမားရိုးကျမိန်းမတွေကို အချိန်တန်ရင် ယောက်ျားကို ဖြေဖျော်၊ ကလေးတွေမွေး၊ ထမင်းဟင်းချက်၊ အိမ်မှုကိစ္စတွေလုပ် ယောက်ျားတွေက ကာမကို ငြီးငွေ့သွားလို့ နောက်တစ်ယောက်ကိုရှာတဲ့ အခါ ဝမ်းနည်းကြေကွဲ အဲဒီလိုနေရမှာ လား၊ ဒါ ဆိုရင်တော့ ကျွန်မဘဝဟာ သိပ်ငြီးငွေ့ဖို့ ကောင်းမှာ ပဲ၊ ရင်ခုန်မှုလည်း ရှိတော့မှာ မဟုတ်ဘူး ၊ ကျွန်မဟာ အမြဲတမ်းရင်ခုန်ချင် တဲ့ မိန်းမရှင့်၊ ရှင်သိတယ်မဟုတ်လား ကိုချိန်ခွင်”

ဟု မျက်လုံးများမှေးစင်း၍ ကိုချိန်ခွင်ဆိုသူကိုကြည့်ကာ ပြောဆိုလေ၏။ ကိုချိန်ခွင်က သက်ပြင်းချ၍

“သိပါတယ် မဟာသ်ာရယ်”

ဟု တီးတိုးရေရွတ်လေ၏။ ထိုအခါ မဟာသ်ာက တခစ်ခစ်ရယ်မောရ်၍

“ရှင် ကျွန်မကို ရင်ခုန်အောင် လုပ်မပေးနိုင်ဘူးလား”

ဟု မေးမြန်းလေ၏။ ကိုချိန်ခွင်က ခေါင်းညိတ်၍

“ရင်ခုန်ချင်ရင် ကျုပ်နောက်ကို လိုက်ခဲ့လေ၊ မဟာသ်ာ ရင်ခုန်စေချင်လို့ ကျုပ်လာခေါ်တာပဲ”

ဟု ပြော လိုက်လေတော့၏။ ထိုနေ့မှ စ၍ လွန်စွာချောမောလှပ၍ လွန်စွာမှ ပင် ဆွဲဆောင် အားကောင်းသော မဟသာ်ဆိုသော ကျောင်းဆရာမလေးသည် မြို့ကလေးမှ ထူးဆန်းစွာ ပျောက်ဆုံး သွားလေတော့၏။

ထိုအခါ မဟသာ် လောကနီတိသင်ပေးသော ကလေးများက

"မြတ်နိုးသူမရှိသောအရပ်၊ ချစ်ခင်သူမရှိသောအရပ်၊ အဆွေခင်ပွန်း မရှိသောအရပ်၊ အတတ် ပညာသင်ကြားပေးသူမရှိသော အရပ်တို့ တွင် တစ်နေ့တစ်ရက်မျှ မနေအပ်လို့ ဆရာမပြောခဲ့ဖူးတယ်၊ ဆရာမက မြို့ ထွက်သွားတာ ဒီအကြောင်းကြောင့်ထင်တယ်"

ဟု ပြောလေရာ ကျန်သော ကလေးများကလည်း

"ကျီးတို့ ၏ အလယ်၌ ရောနှောနေခြင်းဖြင့် ဟင်္သာမင်းအတွက် မတင့်တယ်၊ နွားအုပ်အတွင်း ရောနှောခြင်းဖြင့် ခြင်္သေ့မင်းအတွက် မတင့်တယ်၊ မြည်းအုပ်အတွင်း ရောနှောနေခြင်းဖြင့် သိန္ဓော မြင်းအတွက် မတင့်တယ်၊ သူမိုက်တို့ အလယ်၌ ရောနှောနေခြင်းဖြင့် ပညာရှိ သူတော်ကောင်းအတွက် မတင့်တယ်လို့ ဆရာမပြောခဲ့ဖူးတယ်၊ ဆရာမ မြို့ကထွက်သွားတာ ဒီအကြောင်းကြောင့်ဖြစ်မယ်"

ဟု ထင်ကြေးပေးကြကုန်၏။ ဆရာမလေး၏ အလှအပကို စွဲလမ်း၍ ချစ်ခြင်းမေတ္တာကို အကြောင်းပြပြီး ကာမကို အပိုင်သိမ်းချင်သူ ယောကျ်ားများကမူ နှမြောတသစွာဖြင့် ပြောဆို၍ မဆုံး နိုင်အောင် ရှိတော့၏။

*